သင်ခန်းစာ ၅ ပဟေဠိများ
၅မှတ်
မေးခွန်း၁

လူမှုရေး စံသတ်မှတ်ချက်များ- ကျွန်တော်တို့ တစ်ဦးချင်းစီပေါ်တွင် မျှော်လင့်ချက်များသည် ကွဲပြားခြားနားကြသည်။ ထင်မြင်ယူဆချက်များနှင့် ဘက်လိုက်မှုများသည် အချက်အလက်များနှင့် လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဖြည့်သွင်းစဉ်းစားကြသည်။ အောက်ပါတို့တွင် မည်သည့်ဥပမာသည် မူဂါဒချမှတ်ရာတွင် အပြုအမူပေါ်မူတည်သည့် လူမှုရေးစံသတ်မှတ်မှုများ၏ လွှမ်းမိုးမှုကို ဖော်ပြသနည်း။

ကျန်းမာရေးကာကွယ်မှုပစ္စည်းဖြစ်သည့် ခြင်ထောင်များအတွက် စုငွေကို အားပေးသကဲ့သို့ ကင်ညာ အိမ်ထောင်စုများတွင် စုငွေများထည့်သွင်းနိုင်ရန် သော့ခတ်သတ္တာများရရှိခဲ့သည်။

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာတွင် မြို့တော်ဝန်သည် ပြည်သူများသည် ယာဉ်မောင်းများကို ၄င်းတို့ အပြုအမူကို မနှစ်သက်လျှင် ပြသနိုင်သည့် သင်္ကေတများ ပေးခဲ့သည်။

အစိုးရတွင် ရေရှည်စဉ်းစားသည့် ပင်စင်အစီအစဉ်ရှိသည်။ သို့သော် ဝန်ထမ်းအနည်းငယ်သာ စုဆောင်းကြသည်။ ဝန်ထမ်းများအား စုဆောင်းမငကို အားပေးရန် အစိုးရသည် ဝန်ထမ်းအားလုံးအား ပင်စင်စီမံကိန်းတွင် စာရင်းသွင်းထားပြီး အပတ်စဉ် လစာမှ အနည်းငယ်ကို အလိုအလျောက် သိမ်းဆည်းထားသည်။ သို့သော် ဝန်ထမ်းများအား ထိုအစီအစဉ်မှ နှုတ်ထွက်ခွင့်ကိုလည်း ခွင့်ပြုသည်။

**မေးခွန်း၂**
**ပြည်သူမျှော်လင့်ချက်များနှင့် အပြုအမူအလေ့အကျင့်များသည် ပြုပြင်ပြောင်းလဲရေး ခေါင်းဆောင်များအား အစိုးရတိုးတက်လာစေရန် အားပေးသည်။ ဥပမာ ကျွန်တော်တို့သည် ပြဿနာများကို ကျွန်တော်တို့ ထင်မြင်ယူဆချက်များကို အချက်အလက်များ အဖြစ် ထည့်သွင်း စဉ်းစားပြီး ရိုးရှင်းလွယ်ကူစေသည်။ ဆိုလိုသည်မှာ ကျွန်တော်တို့သည် အချို့အရာများကို အလိုအလျောက်တွေးတောခြင်းဖြစ်သည်။ ကျွန်တော်တို့အများစုမှာ ပတ်ဝန်းကျင်ရှိသူများက မည်သို့ စဉ်းစားသည်ကို ဂရုစိုက်ကြသည်။ လူမှုရေး မေ ျှော်လင့်ချက်များနှင့် စံသတ်မှတ်ချက်များသည် ကျွန်တော်တို့ မည်သို့လုပ်ဆောင်သည်ကို လွှမ်းမိုးနိုင်ပြီး အခြားသူများနှင့် ယုံကြည်ချက်များ မတူလျှင်ပင် လွှမ်းမိုးနိုင်ပါသည်။ ကျွန်တော်တို့သည် လူမှုရေးအရ တွေးတောကြသည်။ ထို့အပြင် ကျွန်တော်တို့က စိတ်ကူးမော်ဒယ်များသုံးပြီး ပတ်ဝန်းကျင်ကို နားလည်အောင် ကြိုးစားကြသည်။ ထိုမော်ဒယ်များကို စတီရီယိုပုံစံများဟုခေါ်သည်။ ထိုစိတ်ကူးမော်ဒယ်များတွင် ယဉ်ကျေးမှုဆိုင်ရာများပါဝင်နေသည်။**
**တခါတရံခေါင်းဆောင်များသည် ရပ်ရွာပတ်ဝန်းကျင်ပြဿနာများကို ဖြေရှင်းနိုင်ရန် အပြုအမူများပြောင်းလဲရန် တိုက်တွန်းကြသည်။**
Nota Carioca သည် ဥပမာဖြစ်သည်။ အောက်ပါတို့မှ မည်သည့်ဖော်ပြချက်သည် အဓိက အရေးအကြီးဆုံး စိတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုကို ဖော်ပြနေသနည်း။

စီးပွားရေးတစ်ခုတွင် အခွန်ကောက်ရန် အဆင့်များစွာရှိသည်။ အခွန်ပေးရန် ကုန်ကျစရိတ်ရှိနေသည်မှာ ထိုအချက်ကြောင့်ပင်ဖြစ်သည်။ ရလာဒ်အနေဖြင့် စီးပွားရေး လုပ်ငန်းများသည် အခွန်များကို တိကျစွာ စာရင်းမတင်တော့ပေ။
အစိုးရများသည်  အရောင်းခွန်များကို တရားဝင် ပြေစာများထုတ်ပေးပြီး ကောက်ခံကြသည်။ လူတို့သည် ၄င်းတို့ဝယ်ယူသည့် ပစ္စည်းများအပေါ်တွင် စီးပွားရေးလုပ်ငန်းများမှ အခွန်ပြေစာမရလျှင် ထိုပေးချေမှုအတွက် တရားဝင်မှတ်တမ်းတင်ထားခြင်းမရှိပေ။ စီးပွားရေးလုပ်ငန်းများမှလည်း အမှန်တကယ်ရသည်ထက် လျှော့ပေါ့ပေးကြသည်။ သို့သော် လူအများမှာ ထိုပြေစာများကို မယူကြပေ။ အကြောင်းမှာ သူတို့သည် ရောင်းသူထံမှ လျှော့ဈေးရသဖြင့် ပြေစာမတောင်းခြင်းသို့ ပြေစာတောင်းရန်

မလိုဟုထင်သောကြောင့်ဖြစ်သည်။
အခွန်ကောက်ရာတွင် ထိုယုံကြည်မှုမှာ မကျယ်ပြန့်သေးပေ။ ပြည်သူများသည် ၎င်းတို့ပေးသော အခွန်သည် ၎င်းတို့ နေ့စဉ်ဘဝအတွက် ဝန်ဆောင်မှုပေးနေသော မြူနီစီပယ်အစိုးရအတွက်  အရေးကြီးကြောင်းကို နားမလည်ကြပေ။

မေးခွန်း၃
Nota Carioca ကေ့စ်တွင် ဆုံးဖြတ်ချက်ချသူများသည် ပြုပြင်ပြောင်းလဲရေး ပုံစံမျိုးစုံဆောင်ရွက်ကြသည်။ အရေးကြီးသည့် ဆောင်ရွက်ချက်မှာ ပြည်သူများ အပြုအမူပြောင်းလဲရန်ဖြစ်သည်။ အောက်ပါတို့မှ မည်သည့်အချက်သည် ၎င်းတို့ဆောင်ရွက်ခဲ့သည်များနှင့် မည်သည့်အတွက် ဆောင်ရွက်ခဲ့သည်တို့ကို အကောင်းဆုံးဖော်ပြသနည်း။

သူတို့သည် သာမန်ပြည်သူများ အခွန်ပေးနိုင်ရန် အခွန်ပေးသည့် အဆင့်အရေအတွက်ကို လျှော့ချခဲ့သည်။ ရိုင်ယိုဒီဂျနေရိုးမြို့မှ ပြည်သူများအား အဆင့်လျှော့ချလိုက်ခြင်းသည် ကုန်ကျစရိတ်လျော့ကျသွားသည်။

လက်ခံဖြတ်ပိုင်းများ ထုတ်ပေးနိုင်သည့် အီလက်ထရောနစ်ပစ္စည်းများကို ထုတ်ပေးသည်။ ပြည်သူများအား ၎င်းတို့ဈေးဝယ်ရာတွင် ဖြတ်ပိုင်းတောင်းရန်နှင့် ဖြတ်ပိုင်းများကို ပုဂ္ဂိုလ်အမည်နှင့် အလိုအလျောက် ထီစနစ်အတွင်း ထည့်သွင်းပေးသည်။ ထီပေါက်ရန် ရာခိုင်နှုန်းနည်းသော်လည်း ထီပေါက်နိုင်ခြေဟူသည့် အပြုသဘော စိတ်ဓာတ်အင်အားပေးခြင်းဖြစ်သည်။ အခွန်အရေးကြီးကြောင်းကို ကြေငြာသည်။ ပြည်သူများအခွန်ဆောင်ပုံကို ရုပ်ရှင်ရိုက်သည်။ အခွန်ရရှိမှုမြင့်မားလာကြောင်း နှုန်းထားများကိုလည်း ကြေငြာသည်။ လူအများက ၎င်းတို့အခွန်မပေးကြောင်း အိမ်နီးချင်းများက သိသွားလျှင် စိတ်ဆိုးမည်ကို စိတ်ပူစပြုလာသည်။

**မေးခွန်း၄**

Nota Carioca ကေ့စ်တွင် ဖော်ပြထားသည်မှာ အခွန်ဆောင်သူများသည် အခွန်ဆောင်သည့်အတွက် အပြုသဘောဆောင်သည့် အခြေအနေကို လက်ခံရသည်ဟု ခံစားရလျှင် ( အပြုသဘောမဆောင်သည့် အခြေအနေများကို ရှောင်လွှဲနိုင်ရန်) သူတို့သည် ပိုမိုပေးလိုကြသည်။ အပြုသဘောဆောင်သည့် အခြေအနေအတွက် ရပ်ရွာ အဖွဲ့ဝင်များမှ ရရှိသည့် ဖြေကြားချက်များကြောင့် သူတို့သည် ထိုသို့ပေးရခြင်းအတွက် အပြုသဘောဆောင်သည့် ခံစားချက်များ ဖြစ်ပေါ်လာကြသည်။ အခွန်မဆောင်လျှင်လည်း အပြစ်ရှိသကဲ့သို့ ခံစားကြရသည်။ O Globo သတင်းထောက် က အကြံပြုသည်မှာ အခွန်ပေးရန် လှုံ့ဆော်မှုဖိအားမျာသည် ရိုင်ယိုတွင်လည်းကောင်း တစ်နိုင်ငံလုံးတွင်လည်းကောင်း ၂၀၀၀ အစောပိုင်းတွင် အားနည်းနေသည်။
အောက်ပါတို့မှာ ထိုပြဿနာအတွက် ဖြစ်နိုင်သည့် အဖြေများဖြစ်သည်။ လူမှု စိတ်ပညာတွင် သီအိုရီသည် ဥပမာတစ်ခုချင်းစီအတွက် ကွာခြားသည်။ ဤဥပမာတွင် မူဝါဒနောက်ကွယ်မှ အိုင်ဒီယာ၏ သီအိုရီမှာ ပြည်သူတို့သည် ၎င်းတို့ ပေးသော အခွန်များကို မည်သို့ အသုံးပြုသည်ကို မြင်လျှင် ပိုမိုပေးလိုကြသည်။

- အိန္ဒိယပြည် ဘန်ဂလောမြို့တွင် ပြည်သူများသည် ၎င်းတို့ ပေးရမည့်ထင်သည့် အခွန်ပမာဏကို ရုံးများသို့ သွားရောက်ရန် မလိုဘဲ မြို့တော်တဝှမ်းရှိ kioskစက်များတွင် ပေးသွင်းနိုင်သည်။ ဆိုလိုသည်မှာ မူဝါဒသည် ပြည်သူများအား မိမိဆန္ဒအလျောက်ပေးသွင်းရန်သာ အားပေးပြီး မည်သို့တွက်ချက်ရမည်စသည်တို့ကိုသာ လမ်းညွှန်ပေးထားသည်။ အကယ်၍ စာရင်းစစ်က တစ်စုံတစ်ယောက်သည် လျှော့ပေးလျှင် ဒဏ်ကြေးဆောင်ရမည်ဖြစ်သည်။
- မြို့တော်အစိုးရသည် လက်ကမ်းစာစောင်များ ထုတ်ဝေပြီး ထိုစာစောင်များတွင် ရပ်ရွာလူထုမှနစ်များအလိုက် ပျမ်းမျှ အခွန်ကောက်ခံရမှုများကို ဖော်ပြထားပြီး အခွန်ပေးသည့် ရပ်ရွာလူထု အချိုးကိုလည်းဖော်ပြထားသည်။

- ကိုလန်ဘီယာမြို့တော် မီဒီလန်တွင် Sergio Fajardo က ပြည်သူများ အခွန်ပေးရန် နှစ်ချက်လုပ်ဆောင်ခဲ့သည်။ ပထမတစ်ချက်မှာ မြို့တော် အစိုးရသည် ကျောင်းတစ်ခုဖွင့်လျှင်၊ ပစ္စည်းများပေးလျှင် သို့ ဆောက်လုပ်ရေးတစ်ခုလုပ်လျှင် မြို့တော် ခေါင်းဆောင်များသည် ထိုနေရာများသို့ သွားရောက်ပြီး လှူဒါန်းသည့် အခမ်းအနားများ ပြုလုပ်ကြသည်။ ဒုတိယအချက်မှာ မြို့တော် အစိုးရ သင်၏ အခွန်များသည် မည်သည့်နေရာတွင် သုံးသည် ဆိုသည့် ဆိုင်းဘုတ်များတပ်ဆင်ခြင်းဖြစ်သည်။

မေးခွန်း၅
ကေ့စ်တွင် ဖြစ်နိုင်သည့် ဒီဇိုင်း စိန်ခေါ်မှုများကို ဖော်ပြထားသည်။ အောက်ပါတို့မှ မည်သည့်အချက်သည် ရိုင်ယိုဒီဂျနရိုးမြို့တွင် ပြည်သူအပြုအမူပြောင်းလဲရေးတွင် ထိထိုးခြင်းသည် အခြားနေရာ များထက်စာလျှင် ထိရောက်မှု အားနည်းသည်ကို ဖော်ပြသနည်း။

- ရောင်းသူနှင့် ဝယ်သူတို့၏ အချက်အလက်များရှိသည့် ပစ္စည်းများကို တစ်စုံတစ်ယောက်က ခိုးယူ ဖျက်ဆီးနိုင်သည်။
- ဘရာဇီးတွင် ဖဒရယ် အစိုးရအဆင့် ၃ဆင့်လုံး- ပြည်ထောင်စု၊ ပြည်နယ်နှင့် မြို့တော်တို့တွင် အခွန်ကောက်ကြသည်။ ကေ့စ်ဖြစ်ပွားသည့် အချိန်တွင် မြို့တော်နှင့် ပြည်နယ်များတွင် မည်သည့် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အခွန်ကောက်မည့် မူဝါဒများမှာ အနည်းငယ် ကွဲပြားနေသည်။ထိုသို့ ရှုပ်ထွေးမှုများကြောင့် ပြည်သူများ ပါဝင်မှု လျော့နည်းစေသည်။
- အချို့သူများက ထိထိုးခြင်းသည် လောင်းကစား သို့ ဘာသာရေး ယုံကြည်ချက်များ တိမ်းစောင်းစေသည်ဟု ခံယူသဖြင့် ပါဝင်မှုအားနည်းသည်။